**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ကုန်သွယ်ရေးဦးစီးဌာန**

**ပို့ကုန်၊သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ**

**သတင်းလွှာ( ၇ /၂၀၂၁)**

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ မေလ ၄ ရက်

အကြောင်းအရာ။ **ပို့ကုန်/သွင်းကုန်လိုင်စင်လျှောက်ထားရန်လိုသည့် ကုန်စည်စာရင်းများအနက်မှ ကုန်စည်အချို့အား လိုင်စင်လျှောက်ထားရန်မလိုဘဲ ယာယီဖြေလျှော့ခွင့်ပြုခြင်းကို သက်တမ်းတိုးခြင်း**

၁။ ပို့ကုန်/သွင်းကုန်လိုင်စင်လျှောက်ထားရန်လိုသည့် ကုန်စည်စာရင်းများအနက်မှ ပို့ကုန် ကုန်စည်လိုင်း (၃၇) လိုင်း နှင့် သွင်းကုန် ကုန်စည်လိုင်း (၆၂) လိုင်းအား ၇.၅.၂၀၂၁ ရက်နေ့အထိ လိုင်စင်လျှောက်ထားခြင်းမှ ယာယီကင်းလွတ်ခွင့်ပြုခြင်းကို သတင်းလွှာ (၅/၂၀၂၁) ဖြင့် ထုတ်ပြန်အသိပေးခဲ့ပါသည်။

၂။ အဆိုပါ သတင်းလွှာ (၅/၂၀၂၁) ဖြင့် ဖြေလျှော့ခွင့်ပြုခဲ့သည့် ပို့ကုန်ကုန်စည်လိုင်း (၃၇) လိုင်းနှင့် သွင်းကုန် ကုန်စည်လိုင်း (၆၂) လိုင်းအား လိုင်စင်လျှောက်ထားခြင်းမှ ယာယီကင်းလွတ်ခွင့်ပြုခြင်းကို ၂၀၂၁ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့အထိ ဆက်လက်သက်တမ်းတိုး၍ ခွင့်ပြုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**